၁၉၉၈- ခုနှစ်၊ နိုဝင်ဘာလ ([illegible]) ရက် နေ့တွင် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှုား မှတ်[illegible]င်ရုံး [illegible]ာချုပ်ကို အောက်အမည်ပါ သူက ရေး သား ချုပ်ဆိုလျှက် မှတ်ပုံတင်သွင်း [illegible]သည်မှာ -

<u>မှတ်ပုံတင်သွင်း ကြေငြာသူ</u>

အေအင်နဲ့အက်စ်အင်တာ နေ ရှင်နယ်ကုမ္ပဏီ[illegible]
A & S INTERNATIONAL CO.,LTD.

အမှတ် - ၆၆၊ [illegible]-လမ်း ၊
မင်္ဂလာ တော င်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုံး -၂၉၂၀၀၀
[illegible]လက်စ် -၂၁၂၀၇
[illegible] - ၀၉၅ ၀၁ ၂၉[illegible]၇
([illegible]၏ကိုယ်စား ကုမ္ပဏီ[illegible]ညီး သ ဝေး [illegible] ပြုလက်ချက် (၂-၁၁-၉၈)
[illegible] ဦး တင် အောင်လင်း (ဘ) ဦး တင် [illegible]၊အမ်ဆိုင်အေ ၀၁၂၇၃၀
[illegible]၂/သဃက (နိုင်) ၀၆၄[illegible] မှန် နေ ရှ [illegible] အမှတ်-၀၂/၇
[illegible]ရှန့်သလမ်း ၊ သုဝဏ္ဏ ၊ သင်္ဃန်း ကျွန်း မြို့နယ်၊ ရန်ကုန်မြို့ နေ
[illegible] ကိုယ်စား ပြု လက်မှတ် ရေး ထိုး ချုပ်ဆို ပါသည်။)

အထက်အမည်ပါသူက အောက် [illegible] မှတ်အသား သည်မိမိ [illegible]မူပိုင်ကုန်အမှတ်တံဆိပ်အမှတ်အသား [illegible] ၊ သက်[illegible]အရ ဘတည်စေခြင်း ငှာမှတ်ပုံတင်သွင်း ကြေငြာအပ်ပါသည်။

SUPERIOR

၂-သို့

မှတ်ပုံတင်ခရေ ၆/-
လက်ထောက်ညွှန်ကြားရေးမှူး
စာချုပ်စာတမ်းမှတ်ပုံတင်ရုံး
ရန်ကုန်မြို့

၂။ တစ်ဖက်တွင်က ဖော်ပြပါ ဒီဇိုင်း ပါသောအဆိုပါကုန်အမှတ်တံဆိပ်ကို ကုမ္ပဏီမှထုတ်လုပ်၊ ဖြန့်ဖြူး ၊ ရောင်းချသွားမည့် အောက်ပါကုန်ပစ္စည်းများ၌ ကုမ္ပဏီ၏တရားဝင် မူပိုင်တံဆိပ်အမှတ်အသားအဖြစ်အသုံးပြုသွားမည်ဖြစ်ပါသည်။

ခေါက်ဆွဲ ၊ ကြာဇံ ၊ [illegible]

၃။ အဆိုပါပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း ၊ ပြည်ပတွင် ထုတ်လုပ်ခြင်း ၊ ပြည်ပမှ မှာယူတင်သွင်းခြင်း ၊ ပြည်ပသို့တင်ပို့ခြင်း ၊ပြည်တွင်းတွင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် အဆိုပါကုန်အမှတ်တံဆိပ်ကို ကုမ္ပဏီ၏ မူပိုင်တံဆိပ်အမှတ်အသားအဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

၄။ ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုအရောင်အမျိုးမျိုး ၊ အရွယ်အစားအမျိုးမျိုးဖြင့် အဆိုပါပစ္စည်းများနှင့် ယင်းတို့နှင့် ဆက်နွယ်နေသောအသုံးအဆောင်များအားလုံးတွင် ရိုက်နှိပ်၍၄င်း ၊ကပ်နှိပ်၍၄င်း ၊ ဖိနှိပ်၍၄င်း ဖော်ပြသွားမည်ဖြစ်ပါသည်။

၅။ ထို့ပြင်အဆိုပါပစ္စည်းများထည့်သွင်း ၊ ထုပ်ပိုးရာတွင် အသုံးပြုသည့်ဘူး ၊ သေတ္တာ ၊ ပလပ်စတစ်အိတ်၊ ခွက်များ အပါအဝင် ထုပ်ပိုးထည့်သွင်းပစ္စည်းများအပေါ်၌ ရိုက်နှိပ်၍၄င်း ၊ ဖိနှိပ်၍၄င်း ၊ကပ်နှိပ်၍၄င်း ၊ ဖော်ပြသွားမည်ဖြစ်ပါသည်။

၆။ အဆိုပါကုန်အမှတ်တံဆိပ်ကို ရုပ်မြင်သံကြား ၊ ရုပ်ရှင် ၊ ဆိုင်းဘုတ်၊ကြော်ငြာ ၊ သတင်းစာ ၊ မဂ္ဂဇင်း ၊ စာစောင်များ အပါအဝင် လူထုဆက်သွယ်ရေး ယန္တရားများ၌ ကုမ္ပဏီ၏မူပိုင် အမှတ်တံဆိပ်အဖြစ် အသုံးပြုကြော်ငြာသွားမည်ဖြစ်ပါသည်။

၇။ ထို့အပြင် အဆိုပါကုန်အမှတ်တံဆိပ်ကို အရောင်းအမျိုးမျိုး ၊ အရွယ်အစား အမျိုးမျိုး အသုံးပြုသွားမည့်အပြင် လက်ကမ်းကြော်ငြာ၊ ခေါင်းစည်းစာတန်း ၊ ဘောက်ချာ၊ ပြေစာများ အပြင် ကတ်ပြားများတွင် ရိုက်နှိပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

၃ - သို့

၈။ အဆိုပါကုန်အမှတ်တံဆိပ်ကို ယနေ့အထိ မည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲနေကြောင်း မကြားဘူး ၊ မသိရှိသည့်အပြင် မှတ်ပုံတင်သွင်းသူ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ပြုလုပ်ထားသော အမှတ်အသားဖြစ်ကြောင်း မြွက်ဝန်ခံပါသည်။

၉။ ဤကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ စာချုပ်ပါပစ္စည်းများကို ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ထုတ်လုပ်၊ ဖြန့်ချိ၊ ရောင်းချသွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ မည်သူမဆို ဤကုန်အမှတ်တံဆိပ်ကို ဆင်တူရိုးမှားသော်၎င်း ၊ ဘိုက်ကူး၍သော်၎င်း တုပသုံးစွဲနေသည်ကို တွေ့ရှိပါက တရားမကြောင်း ပြစ်မှုကြောင်းများအရ အရေးယူသွားမည့်အပြင် လျော်ကြေးလည်း တောင်းခံသွားမည်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါတုပသုံးစွဲနေသော ကုန်အမှတ်တံဆိပ်ကို ဖျက်သိမ်းစေသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ အထက်စာချုပ်ပါစကားရပ်များကို မှတ်ပုံတင်သွင်းသူက ကောင်းမွန်စွာသိရှိနားလည်ပြီး မိမိ၏လွတ်လပ်သောသဘောဆန္ဒအလျောက် အဆိုပါကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းကြေညာသူ၏ မူပိုင်တံဆိပ်အမှတ်အသားအဖြစ် သက်သေအရာတည်စေခြင်းငှာ အောက်ပါအသိသက်သေများ ရှေ့မှောက်၌ မှတ်ပုံတင်သွင်းကြေညာအပ်ပါသည်။

အသိသက်သေများ	မှတ်ပုံတင်သွင်းကြေညာသူ
၁။ ____	____
အမည်၊ ဦးအောင်မြင့်	(အောအင်န်အက်စ်အင့်တာနေရှင်နယ် ကုမ္ပဏီလီမိတက်)
မှတ်ပုံတင် AB – ၀၁၉၉၁၇	(ကုမ္ပဏီ၏ကိုယ်စား ကုမ္ပဏီ၏အစည်းအဝေး ဆုံးဖြတ်ချက်အရ၊ ဦးတင်အောင်လင်း
နေရပ် ၅၀၊ ဘဏ်လမ်း	အမှတ်ဝင်အေ – ၁၂/သဃက(နိုင်) ၀၆၄၄၃၃ က ကိုယ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	စားပြု မှတ်ပုံတင်သွင်းပါသည်။)
၂။ ____	
အမည်၊ ဦးသက်ဖော်	
မှတ်ပုံတင် BTHG- ၀၀၀၅၃၀	
နေရပ် ၅၀၊ ဘဏ်လမ်း	
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	

မူရင်း

မြေငှားစာချုပ်

စက်မှုလက်မှုလုပ်ငန်း

၁၉၉၅ ခုနှစ်၊ (မြေငှား) အမှုတွဲ အမှတ် လ၁၁/ ၄-၂/ ၀၁၁/ ၉၅ အရ၊ ထုတ်ပေးသည်။
၅.၅.၉၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ"ဟု ရည်ညွှန်းသည်။ "အငှားချထားသူ"ဆိုသည့်စကားရပ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲအပ်သူများလည်း ပါဝင်သည်။)

နှင့် ရန်ကုန် မြို့နေ၊ ဦး – ၏၊ သား/သမီး ဖြစ်သော ဦး A & S [illegible] ကုမ္ပဏီ [illegible] မျိုးသားမှတ်ပုံတင်အမှတ် 24/ 1990-1991 (နောက်တွင် "အငှား စာချုပ်ရသူ" ဟု ရည်ညွှန်းသည်။) တို့၊ ၁၃၅၇ ခုနှစ်၊ ဝါဆို လဆန်း/လပြည့်ကျော် ၁၄ ရက်နေ့၊ ၁၉၉၅ ခုနှစ်၊ (ဇူလိုင် လ ၂၅ . ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်–ချုပ်ဆိုကြသည်။

အငှား စာချုပ်သူက–နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ပါရှိသော ပဋိညာဉ်ခံချက်များကို ပြုသောကြောင့် လည်းကောင်း၊ အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက် အားလုံးကိုထိုမြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်များ၊ ဝင်–ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြား အခွင့်အရေးများနှင့်တကွအငှားချထားသူက အငှားစာချုပ်ရသူအား၊ ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်းများ၊ ဓာတ်သတ္တုပစ္စည်းများ၊ မြေမြှုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကွာရီ (Quarries) စသည်တို့သည်ဤစာချုပ်ဖြင့် အငှားချထားခြင်း၌ မပါဝင်ချေ။ ထိုသို့ ရှာဖွေတူးဖော်ရယူ၊ သယ်ဆောင်ရာ၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကိုနှောက်ယှက်ပျက်စီးစေခဲ့လျှင်၊ အငှားစာချုပ်ရသူအားသင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ထိုလျော်ကြေးနှင့် စပ်လျဉ်း၍ အငြင်းဖြစ်ပွားခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်း အက်ဥပဒေ၏ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့်အညီပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

ထို့ကြောင့် ဤစာချုပ်–ချုပ်ဆိုသည့် ၂၅-၇-၁၉၉၅ နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြား အတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင် ၂၀၁၀ ခုနှစ် ၊ ဇူလိုင် လ ၂၄ ရက်နေ့၌၊ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါးနှစ်အတွင်းတွင် ကျပ် ၃၇၅/- ပြား – (ကျပ်သုံးရာ့ခုနစ်ဆယ့်ငါး/-) တိတိကို ဇန်နဝါရီလ ၁–ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဇန်နဝါရီလ ၁–ရက်နေ့တွင် လည်းကောင်း ၊ ဧပြီလ ၁–ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဧပြီ ၁–ရက် နေ့တွင် လည်းကောင်း ၊ ဇူလိုင်လ –၁ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဇူလိုင်လ ၁–ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁–ရက်နေ့မှစသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁–ရက်နေ့တွင်လည်းကောင်း ကြိုတင် ပေးဆောင်ရမည်။ အဆိုပါနှစ်ခြောက်ဆယ်ကာလ အပိုင်းအခြား၏ ဒုတိယတဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါးနှစ်၊စတုတ္ထတစ်ဆယ့် ငါးနှစ်အတွက် အပိုဒ်၃–တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင် ရမည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အပိုဒ် ၂–အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့်နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ပျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက်စေရန် အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည်သိမ်းယူသည့် အချိန်တွင် ထိုမြေကွက်ပေါ်၌ တည်ရှိနေသော အဆောက်အအုံ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများသို့မဟုတ် ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊ အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ် ပျက်ဆီးယိုယွင်းခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂–အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူကနှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည့်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပဋိညာဉ်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း ,အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ်ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန် မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၁၉၉၅)ခုနှစ်၊ ဇူလိုင် လ၊ (၂၅)ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံးသည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄–အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄–အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄–အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဌာန်းထားသည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေးဆောင်ရန်။

(ဃ) ဤစာချုပ်ပါအခြားပြဌာန်းချက်များတွင် ဆန့်ကျင်လျက်မည်သို့ပင်ပါရှိစေကာမူ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ပထမနှစ်ပေါင်းသုံးဆယ်အတွင်းသတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောမြေငှားခကို ပြေလည်အောင် ပေးဆောင်ခဲ့သောကြောင့် လည်းကောင်း၊ ပြုလုပ်ထားသည့်ပဋိညာဉ်ခံချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ခဲ့သောကြောင့် လည်းကောင်း သတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောသုံးလပတ် မြေငှားခဖြင့်နောက်ထပ် နှစ်ပေါင်း သုံးဆယ်အတွက် ဆက်လက်၍ အဆိုပါမြေကွက်ကို ငှားရမ်း မြေငှားစာချုပ် အသစ် ချုပ်ဆိုရန် သဘောတူကြောင်း အဆိုပါ ပထမနှစ်ပေါင်းသုံးဆယ်မပြည့်မီ အနည်းဆုံးခြောက်လကြိုတင်၍ အငှားရသူက အငှားချထားသူအား စာဖြင့် အကြောင်းကြားရမည်။ အကြောင်းကြားစာနှင့်အတူ ပထမမြေငှားစာချုပ်ကိုပေးအပ်လျှင် ထိုအကြောင်းကြားစာရရှိသည့်နေ့မှ ခြောက်လအတွင်းနောင်နှစ်ပေါင်းသုံးဆယ်အတွက် ပထမမြေငှားစာချုပ်ပါ ပဋိညာဉ်ခံချက်များနှင့်ဖြစ်နိုင်သမျှ တူညီသည့် ပဋိညာဉ် ခံချက်များပါရှိသည့် မြေငှားစာချုပ် အသစ်ကို အငှားစာချုပ်ရသူ၏ စရိတ်ဖြင့် အငှားချထားသူကထုတ်ပေးရန်။ အကယ်၍ မြေငှားခကို သတ်မှတ်ခြင်းမရှိသေးလျှင် ပထမမြေငှားစာချုပ်အရ နောက်ဆုံးပေးဆောင်ခဲ့ရသော သုံးလပတ်မြေငှားခကို အငှားစာချုပ်ရသူကပေးဆောင်ရန်။


အိုးအိမ်ပုံစံ
အက်စ် -

ရန်ကုန်မြို့တော်

မြို့နယ်၊ လူနေရပ်ကွက်အမှတ် ....

.... မှ မြေကွက်အမှတ် .... ၂၃၂ .... ၏

၁ လက်မလျှင် ၁၀၀ ပေစကေး



ရည်ညွှန်းချက်

စာကုရန်းပေ ....
ဧက ....

.... ဧရိယာ

ပုံကူးစာရေး

မြေတိုင်း

မြေတိုင်း (၂)

ဦးစီးအရာရှိ
မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(2) To raise, borrow or secure the payment of such sum or sums in such manner and upon such terms and conditions in all respects as they think fit and in particular by the issue of debentures or debenture stock of the Company charged upon all or any part of the property of the Company (both present and future) including the uncalled capital for the time being.

(3) At their discretion, to pay for rights acquired or services rendered to the Company, either wholly or partially in cash, or in shares, bonds, debentures, or other securities of the Company, and any such share may be issued either as fully paid up or with such amount credited as paid up thereon, as may be agreed upon; and any such bonds, debentures or other securities may be either specifically charged upon all or any part of the property of the Company and its uncalled capital or not so chrrged.

(4) To secure the fulfilment of any contracts or engagement entered into by the Company by mortgage or charge of all or any of the property of the Company and its uncalled capital for the time being or by granting calls on shares or in such manner as they may think fit.

(5) To appoint at their discretion, remove or suspend such Managers, Secretaries, Officers, Clerks, Agents and Servants for permanent, temporary or special services as they may from time to time think fit and to determine their duties and powers and fix their salaries or emoluments and to require security in such instances and in such amount as they think fit and to depute any officers of the Company to do all or any of these things on their behalf.

(6) A Director may be appointed as Managing Director, General Manager, Secretary of Departmental Manager, in conjunction with his Directorship of the Company.

(7) To accept from any Member on such terms and conditions as shall be agreed on surrender his shares or any part thereof.

(8) To appoint any person or persons to accept and held in trust for the Company any property belonging to the Company or in which it is interested or for any other purposes and execute and do all such deeds and things as may be requisite in relation to any such trust.

(9) To institute, conduct, defend or abandon any legal proceedings by or against the Company or its officers or otherwise concerning the affairs of the Company and also to compound and allow time for payment or satisfaction of any debt due to or of any claims and demands by or against the Company.

(10) To refer claims or demands by or against the Company to arbitration and observe and perform the awards.

(11) To make and give receipts, releases and other discharges for money payable to the Company and for the claims and demands of the Company.

(12) To act on behalf of the Company in all matters relating to bankruptcy and insolvency.

(13) To determine who shall be entitled to sign on the Company's behalf, bills of exchange, cheques, promissory notes, receipts, endorsements, releases, contracts and documents for or on behalf of the Company.

(14) To invest, place on deposit and otherwise deal with any of the moneys of the Company not immediately required for the purpose thereof, upon securities or without security and in such manners as the Directors may think fit, and from time to time vary or realise such investments.

20. The books of account shall be kept at the registered office of the Company or at such other place as the Directors shall think fit, and shall be opened to inspections by the Directors during office hours.

Audit

21. Auditors shall be appointed and their duties regulated in accordance with the provisions of the Myanmar Companies Act or any statutory modifications thereof for the time being in force.

Notice

22. A notice may be given by the Company to any member either personally or sending it through the post in a prepaid letter address to his registered address.

The Seal

23. The Directors shall provide for the safe custody of the Seal, and the Seal shall never be used except by the authority of the Directors previously given, and in the presence of one Director at least, who shall sign every instrument to which the Seal is affixed.

Indemnity

24. Subject to the provisions of Section 86 C of the Myanmar Companies Act, every director, manager or servant of the Company shall be indemnified, out of its funds for all cost, expenses, losses and liabilities incurred by him in the conduct of the Company's business, or in the discharge of his duties. No director, manager or servant of the Company shall be liable for the acts, receipts, neglects or defaults of any other director, manager or servant or for joining in any receipt or other act for conformity or for any loss or expense happening to the Company through the insufficiency or deficiency of any security thereon, in or upon which any of the Company's moneys shall be invested or for any loss or damage arising from the bankruptcy, insolvency or tortious act of any person, with whom any moneys securities or effects shall be deposited, or for any other loss, damage or misfortune whatsoerer, which shall happen in the execution of the duties of his office in relation thereto, unless the same happen through his own wilful act or default.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

အမှာစာအမှတ် ၆/၁၈(၁)(၂၂)/၉၀(၇၇)
ရက်စွဲ၊ ရန်ကုန်မြို့၊ ၁၉၉၉ ခု၊ ဇန်နဝါရီ လ ၆ ရက်။

အကြောင်းအရာ။ သဘောတူထောက်ခံချက် တောင်းခံခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၁၂၈/၉၈(၆၁၂၁)

၁။ A & S International Co. Ltd . မှလှိုင်သာယာ၊ စက်မှုဇုန်(၂) တွင် စက်ရုံတည်ဆောက်၍ အသင့်ဝတ်စုံများ ချုပ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုခြင်း နှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိသော်လည်း ၎င်းကုမ္ပဏီ၏ အဆိုပြုချက်တွင် အနံ့ဆိုးများ ပျံ့နှံ့စေရေး၊ ရေဆိုးများ ပြုပြင်ရေးအစီအမံများ ပါဝင်သင့်ပါသည်။

၂။ ထို့ပြင် A & S International Co. Ltd . အနေဖြင့် နိုင်ငံတကာအဆင့်မီအသင့်ဝတ်စုံများ ချုပ်လုပ်၍ ပြည်ပဈေးကွက်သို့တင်ပို့ရန်လည်းလျာထားပါ၍၊ နိုင်ငံခြားငွေရရှိနိုင်သောလုပ်ငန်းဖြစ်ပါသည်။ အစားအသောက်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် အရည်အသွေးအာမခံချက်ရှိရန်လိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ပသို့တင်ပို့မည့် နိုင်ငံတကာအဆင့်မီ အသင့်ဝတ်စုံများ ထုတ်လုပ်မည့်ဖော်ပြချက်နှင့်ပတ်သက်၍ ကုန်ကြမ်း၊ ကုန်ချောများ အား စံချိန်စံညွှန်းများ မည်သို့သတ်မှတ်ထားရှိမည်ကို ဖော်ပြသင့်ပြီး၊ ပြည်ပသို့ တင်ပို့ရောင်းချမှု အတွက် အရည်အသွေး အာမခံချက်ရရှိစေရန် စီစဉ်ထားရှိမှုအား ယောက်ဆယ်ထားများကို တောင်းခံသင့်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်။

(signature) ၆/၁/၉၉

ဝန်ကြီး ( )

(မြင့်ဆွေ၊ ဗိုလ်ချုပ်ကြီး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ဌာန။

၂၀။ ငွေစာရင်း စာအုပ်အားလုံးကို ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လုပ်ငန်းရုံး၊ သို့မဟုတ် ဒါရိုက်တာများက သင့်တော်သည်ဟု ထင်မြင်ယူဆသော နေရာတွင် သိမ်းဆည်းရမည်။ ထို့ပြင် ရုံးချိန်အတွင်း၌ ဒါရိုက်တာများက စစ်ဆေးနိုင်ရန် ပြသထားရမည်။

စာရင်းစစ်

၂၁။ စာရင်းစစ်များကို ခန့်အပ်ရမည်။ ၎င်းစာရင်းစစ်များ၏ တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ သို့မဟုတ် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းများနှင့် လိုက်လျောညီထွေ ဖြစ်ရမည်။

နို့တစ်စာ

၂၂။ ဤကုမ္ပဏီက မည်သည့် အစုရှင်ထံသို့မဆို နို့တစ်စာကို လက်ရောက်ပေးအပ်ခြင်း၊ သို့မဟုတ် နို့တစ်စာပါသောစာကို စာတိုက်က ကြိုတင်ပေးထား၍ ၎င်းအစုရှင်၏ မှတ်ပုံတင် လိပ်စာ အတိုင်း စာတိုက်မှတစ်ဆင့် လိပ်မူပေးပို့ခြင်းအား ဆောင်ရွက်နိုင်သည်။

တံဆိပ်

၂၃။ ဒါရိုက်တာများသည် တံဆိပ်ကိုလုံခြုံစွာ ထိန်းသိမ်းထားရန်အတွက် စီမံဆောင်ရွက်ရမည်။ ထိုတံဆိပ်ကို ဒါရိုက်တာများက ကြိုတင်ပေးအပ်သည့် ခွင့်ပြုချက်ဖြင့်မှ တစ်ပါး၊ ထို့ပြင် အနည်းဆုံး ဒါရိုက်တာတစ်ဦး၏ ရှေ့တွင်မှတစ်ပါး မည်သည့်အခါမျှ အသုံးမပြုရ။ ထိုးပိပ် ရိုက်နှိပ်ထားသည့် စာရွက်စာတမ်းတွင် ဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

လျော်ကြေး

၂၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၆ (ဂ) တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဤကုမ္ပဏီ၏ ဒါရိုက်တာများအားလုံး၊ မန်နေဂျာ၊ သို့မဟုတ် ဝန်ထမ်းများ အားလုံးတို့အား မနစ်နာစေရန် ကုမ္ပဏီ၏ လုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်းကောင်း၊ သို့မဟုတ် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ လည်းကောင်း စိုက်ထုတ် ကုန်ကျရသော ကုန်ကျစရိတ်များ၊ သုံးစွဲငွေများ၊ ဆုံးရှုံးမှုများနှင့် ပေးရန်တာဝန်များကို ပြန်လည် ထုတ်ပေးရမည်။ မည်သည့်ဒါရိုက်တာ၊ မန်နေဂျာ၊ ဝန်ထမ်းမဆို၊ အခြား ဒါရိုက်တာ အရာရှိ၊ သို့မဟုတ် ဝန်ထမ်းတို့၏ ဆောင်ရွက်မှု၊ လက်ခံမှု၊ ပေါ့လျော့မှု၊ သို့မဟုတ် ပျက်ကွက်မှုများကြောင့် တာဝန်မရှိစေရ။ ပြေစာဖြတ်ပိုင်း ထုတ်ပေးရာတွင် ပါဝင်ခြင်း၊ သို့မဟုတ် ဒါရိုက်တာများ၏ အမိန့်အရ ကုမ္ပဏီ၏ကိုယ်စား မည်သည့်ပစ္စည်း များကို မဆို ရယူရာ၌ ပစ္စည်းများပိုင်ဆိုင်ခွင့် ချို့ယွင်းနေခြင်း၊ သို့မဟုတ် မလုံလောက်ခြင်း သို့မဟုတ် တင်ထားသော အာမခံပစ္စည်း ချို့ယွင်းနေခြင်း၊ သို့မဟုတ် မလုံလောက်ခြင်း၊ ကုမ္ပဏီ၏ငွေများကို ရင်းနှီးမြှုပ်နှံရာ၌ ဆုံးရှုံးမှု ဖြစ်ပေါ်ခြင်း၊ စရိတ်စက ကုန်ကျခြင်း၊ ကုမ္ပဏီက အပ်နှင်းထားသော ငွေများ၊ အာမခံစာချုပ်များ စသည်တို့သည် အပ်နှင်းခြင်း ခံရသူတို့ လူမွဲစာရင်း တင်သွင်းသောကြောင့် လည်းကောင်း၊ မရိုးသား သောကြောင့် လည်းကောင်း ဆုံးရှုံးခြင်း၊ နစ်နာခြင်းများ၊ သို့မဟုတ် အခြားသော ဆုံးရှုံးနစ်နာမှုများ ကံခေမှုများကြောင့် ဖြစ်ပေါ်လာသော ပျက်စီးနစ်နာမှုများ စသည်တို့သည် မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌လည်းကောင်း၊ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ပေါ်ပေါက်ခဲ့လျှင် ၎င်းတို့ကိုယ်တိုင်၏ ရည်ရွယ်လုပ်ဆောင်မှု၊ သို့မဟုတ် ပျက်ကွက်မှုတို့ကြောင့် မဟုတ်ပါက အဆိုပါပုဂ္ဂိုလ်များ၏ အပေါ်၌ တာဝန်အလျဉ်း မကျ ရောက်စေရ။

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

MEMORANDUM OF ASSOCIATION

OF

A & S INTERNATIONAL COMPANY LIMITED

I. The name of the Company is A & S INTERNATIONAL COMPANY LIMITED.

II. The registered office of the Company will be situated in the Union of Myanmar.

III. The objects for which the Company is established are;-

(1) To carry on the business of importing and exporting of any unfinished or finished products of any nature.

(2) To carry on the business of taking on lease, extracting, milling, manufacturing, preserving, seasoning, marketing and exporting of timber (excluding teak) and other forest products.

(3) To carry on the business of fishing, processing, preserving, canning, marketing and exporting of marine products.

(4) To carry on the business of guest-houses.

(5) To act as consultants or advisers for any person, firm, association or company and to undertake and perform through or by means of technicians, agents, sub-contractors or others.

(6) To carry on the business of general merchant, brokers, shippers, contractors and agency of any kind.

(7) To enter into the business or agreement with any party, firm or individual in connection with the economic and effective running of the Company.

(8) To carry on any other business which may seem to the Company capable of being conveniently carried out to enchance the value of or render profitable any of the Company's properties or rights.

(9) To carry on any economic activity or service permissible by the laws for the time being in force and duly decided upon by the Board of Directors from time to time.

We, the several persons, whose names, nationalities, and addresses are subscribed below, are desirous of being formed into a Company in pursuance of this Memorandum of Association, and we respectively agree to take the number of shares in the capital of the Company set opposite our respective names.

Sr. No.	Name and Occupation	Nationality N.R.C. No.	Address	Number of shares taken	Signatures
1.	Daw San San Yi (merchant)	Myanmar NBN.003202	86, 123rd Street, Mingala Taungnyunt Township, Yangon	500	[signature]
2.	U Aung Naing Thu (merchant)	Myanmar 9/RGN.006252	439 Merchant Street, Botataung Township Yangon	500	[signature]

Yangon; Dated the 30th day of July 1990.

It is hereby certified that the persons mentioned above put their signatures in my presence.

[signature]

U THAN AUNG (BOTATAUNG)
... ADVOCATE
Off: No. 83/...
Res: No. 33-...

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

MEMORANDUM OF ASSOCIATION

OF

A & S INTERNATIONAL COMPANY LIMITED

I. The name of the Company is A & S INTERNATIONAL COMPANY LIMITED.

II. The registered office of the Company will be situated in the Union of Myanmar.

III. The objects for which the Company is established are:-

(1) To carry on the business of importing and exporting of any unfinished or finished products of any nature.

(2) To carry on the business of taking on lease, extracting, milling, manufacturing, preserving, seasoning, marketing and exporting of timber (excluding teak) and other forest products.

(3) To carry on the business of fishing, processing, preserving, canning, marketing and exporting of marine products.

(4) To carry on the business of guest-houses.

(5) To act as consultants or advisers for any person, firm, association or company and to undertake and perform through or by means of technicians, agents, sub-contractors or others.

(6) To carry on the business of general merchant, brokers, shippers, contractors and agency of any kind.

(7) To enter into the business or agreement with any party, firm or individual in connection with the economic and effective running of the Company.

(8) To carry on any other business which may seem to the Company capable of being conveniently carried out to enchance the value of or render profitable any of the Company's properties or rights.

(9) To carry on any economic activity or service permissible by the laws for the time being in force and duly decided upon by the Board of Directors from time to time.

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

ARTICLES OF ASSOCIATION

OF

A & S INTERNATIONAL COMPANY LIMITED

1. The regulations contained in the Table "A" in the First Schedule to the Myanmar Companies Act shall apply to the Company save in so far as such regulations are inconsistent with the following Articles. The compulsory regulations stipulated in Section 17 (2) of the Myanmar Companies Act shall always be deemed to apply to the Company.

Private Company

2. The Company is to be a Private Company and accordingly the following provisions shall have effect:

   (1) The number of members of the Company, exclusive of persons who are in the employment of the Company, shall be limited to fifty.

   (2) Any invitation to the public to subscribe for any share or debenture or debenture stock of the Company is hereby prohibited.

Capital and Shares

3. The authorized capital of the Company is Kyats 5,000,000/- (Kyats five million only) divided into one thousand shares of Kyats 5,000/-(Kyats five thousand only)each with power in General Meeting either to increase or reduce such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

4. Subject to the provisions of the Myanmar Companies Act the shares shall be under the control of the Directors, who may allot or otherwise dispose of the same to such persons and on such terms and conditions as they may determine, provided that the prospective share holders are citizens of the Union of Myanmar.

5. The certificate of title to share shall be issued under the Seal of the Company, and signed by the General Manager or some other persons nominated by the Board of Directors. If the share certificate is defaced, lost or destroyed, it may be renewed on payment of such fee, if any, and on such terms, if any, as to evidence and indemnity as the Directors may think fit.

6. The Directors, may from time to time make calls upon the members in respect of any money unpaid on their shares, and each member shall be liable to pay the amount of every call so made upon him to the persons, and at the times and places appointed by the Directors. A call may be made payable by instalments or may be revoked or postponed as the Directors may determine.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော
အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

အေအင်အက်(စ်) အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းများ

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

MEMORANDUM OF ASSOCIATION

AND

ARTICLES OF ASSOCIATION

OF

A & S INTERNATIONAL COMPANY LIMITED

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

အေအင်အက်(စ်) အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

၁။ ကုမ္ပဏီ၏ အမည်မှာ "**အေအင်အက်(စ်)အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်**" ဖြစ်သည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လုပ်ငန်းရုံးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ တည်ရှိရမည်။

၃။ ကုမ္ပဏီတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) မည်သည့်ကုန်ကြမ်း၊ သို့မဟုတ် ကုန်ချောပစ္စည်းများကိုမဆို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန်။

(၂) ကျွန်းမှအပ အခြားသစ်များ၊ သစ်တောထွက် ပစ္စည်းများကို ထုတ်လုပ်ရေးအတွက် သစ်ကွက်ငှားရမ်း ရယူခြင်း၊ ခုတ်လှဲထုတ်ယူခြင်း၊ ခွဲစိတ်ခြင်း ပြုပြင်ထုတ်လုပ်ခြင်း၊ မွမ်းမံခြင်း၊ အသားသေစေခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်။

(၃) ငါးဖမ်းခြင်းလုပ်ငန်းနှင့် ရေထွက်ကုန် ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ စည်သွတ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်။

(၄) တည်းခိုခန်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန်။

(၅) မည်သည့်ပုဂ္ဂိုလ်၊ လုပ်ငန်း၊ အဖွဲ့အစည်း၊ ကုမ္ပဏီအတွက်မဆို ၎င်းတို့၏ အတိုင်ပင်ခံများ၊ အကြံပေး ပုဂ္ဂိုလ်များအဖြစ် ကုမ္ပဏီ အနေဖြင့်သော် လည်းကောင်း၊ ကျွမ်းကျင်သူများ၊ ကိုယ်စားလှယ်များ၊ ထပ်ဆင့် ကန်ထရိုက်တာများ၊ သို့မဟုတ် အခြား ပုဂ္ဂိုလ်များအားဖြင့်သော် လည်းကောင်း ဆောင်ရွက်ရန်။

(၆) အထွေထွေ ရောင်းဝယ်ရေးလုပ်ငန်း၊ ပွဲစားလုပ်ငန်း၊ သင်္ဘောကုန်တင် လုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်းနှင့် မည်သည့်ကိုယ်စားလှယ် လုပ်ငန်းကိုမဆို လုပ်ကိုင်ရန်။

(၇) ကုမ္ပဏီ၏ စီးပွားရေးနှင့် ထိရောက်စွာ လုပ်ငန်းလည်ပတ်မှုတို့အတွက် ဆက်စပ်သော မည်သည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ သို့မဟုတ် ပုဂ္ဂိုလ်နှင့်မဆို လုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ရန်။

F. 1

အောက်တွင် အမည်၊ လူမျိုးနှင့် နေရပ်လိပ်စာများ ရေးသားဖော်ပြထားသော ကျွန်ုပ်ကိုသည် ဤသင်းဖွဲ့ မှတ်တမ်းနှင့်အညီ ကုမ္ပဏီတစ်ခု တည်ထောင်ရန် လိုလားကြသည့်အတိုင်း ဤကုမ္ပဏီ၏ ရင်းနှီးငွေအဖြစ် အမည်နှင့် ယှဉ်တွဲဖော်ပြထားသော အစုရှယ်ယာ အရေအတွက်ကို ဝယ်ယူရရှိရန် သဘောတူညီကြသည်။

အမှတ်စဉ်	အမည်နှင့် အလုပ်အကိုင်	လူမျိုးနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ဝယ်ယူသော အစုရှယ်ယာ အရေအတွက်	ထိုးမြဲလက်မှတ်
၁။	ဒေါ်ခင်းဝင်းရီ (ကုန်သည်)	ဗမာ NBN 003202	၈၆၊ ၁၂၃ လမ်း ရွေကီလာတောင်ညွှန့် မြို့နယ်၊ ရန်ကုန်	၅၀၀	
၂။	ဦးအောင်နိုင်သူ (ကုန်သည်)	ဗမာ ၉/RGN 006252	၄၃၉၊ ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်	၅၀၀	

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

U THAN AUNG (BOTATAUNG)
B.A., B.L., ADVOCATE
Off: No. 83/14 - [illegible] ST., TFL
Res: No. 35 [illegible] ST. [illegible] TAW. T/L

နေ့စွဲ။ ရန်ကုန် ၁၉၉၀ ခုနှစ် ဇူလိုင် လ ၃၀ ရက်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

အေအင်အက်(စ်) အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ

ပဏာမ

၁။ ဤသင်းဖွဲ့စည်းမျဉ်းနှင့် လိုက်လျောညီထွေမဖြစ်သည့် စည်းမျဉ်းများမှအပ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲ ပထမဇယားပုံစံ "က" ပါ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် သက်ဆိုင်စေရမည်။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ ပုဒ်မ ၁၇ (၂) တွင် ဖော်ပြပါရှိသည့် မလိုက်နာမနေရ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် အစဉ်သဖြင့် သက်ဆိုင်စေရမည်။

အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

၂။ ဤကုမ္ပဏီသည် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်၍၊ အောက်ပါ သတ်မှတ်ချက်များသည်၊ အကျိုးသက်ရောက်စေရမည်။

(၁) ဤကုမ္ပဏီက ခန့်အပ်ထားသော ဝန်ထမ်းများမှအပ၊ ဤကုမ္ပဏီ၏ အစုရှင် အရေအတွက်ကို ငါးဆယ်အထိသာ ကန့်သတ်ထားသည်။

(၂) ဤကုမ္ပဏီ၏ အစုရှယ်ယာ၊ သို့မဟုတ် ဒီဘင်ချာ၊ သို့မဟုတ်၊ ဒီဘင်ချာစတော့ တစ်ခုခုအတွက် ငွေထည့်ဝင်ရန် အများပြည်သူတို့အား ကမ်းလှမ်းခြင်းမပြုလုပ်ရန် တားမြစ်သည်။

ရင်းနှီးငွေနှင့် အစုရှယ်ယာ

၃။ ဤကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းသည် ကျပ် ၅,၀၀၀,၀၀၀ (ကျပ်ငါးသန်းတိတိ) ဖြစ်၍ ငွေကျပ် ၅၀၀၀ (ကျပ်ငါးထောင်တိတိ) တန် အစုရှယ်ယာပေါင်း ၁၀၀၀ ပေါင်း ဖွဲ့ထားပါသည်။ ဤကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိအချိန်ကာလတွင် တရားဝင်ဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သင်းလုံးကျွတ် အစည်းအဝေးက ဤကုမ္ပဏီ၏ ရင်းနှီးငွေကို တိုးမြှင့်ခွင့်၊ သို့မဟုတ်၊ လျှော့ချခွင့် အာဏာရှိသည်။

F. 2

၁၁။ အစုရှယ်ယာများ လွှဲပြောင်းရန် တင်ပြချက်ကို မည်သည့်အကြောင်းပြချက်မျှ မပေးဘဲ ဒါရိုက်တာအဖွဲ့သည် ၎င်းတို့၏ ပြည့်ဝ၍ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များ

၁၂။ ဒါရိုက်တာများသည် လုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခြင်း၊ အစည်းအဝေး ရွှေ့ဆိုင်းခြင်း၊ သင့်တော်သည်ဟု ယူဆသကဲ့သို့ အချိန်မှန်စည်းဝေးခြင်း၊ အစည်းအဝေးအထမြောက်ရန် အနည်းဆုံး ဒါရိုက်တာဦးရေ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ယင်းသို့ မသတ်မှတ်ပါက ဒါရိုက်တာနှစ်ဦး တက်ရောက်လျှင် အစည်းအဝေး အထမြောက်ရမည်။ အစည်းအဝေးတွင် မည်သည့်ပြဿနာမဆို ပေါ်ပေါက်ပါက မဲနေရာဂိုင်း ဒါရိုက်တာ၏ အဆုံးအဖြတ်သည် အတည်ဖြစ်ရမည်။မည်သည့်ကိစ္စရပ်ပျိုးကိုမဆို မဲခွဲဆုံးဖြတ်ရာ၌ မဲအရေအတွက် တူနေပါက သဘာပတိသည် ဒုတိယမဲ သို့မဟုတ် အနိုင်မဲကို ပေးနိုင်သည်။

၁၃။ ဒါရိုက်တာများ၏ အစည်းအဝေးကို မည်သည့်ဒါရိုက်တာကမဆို အချိန်မရွေး ခေါ်နိုင်သည်။

၁၄။ ဒါရိုက်တာအားလုံးက လက်မှတ်ရေးထိုးထားသော၊ ရေးသားထားသည့် ဆုံးဖြတ်ချက် တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက်ကဲ့သို့ပင် ကိစ္စအားလုံးအတွက် အကျိုးသက်ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၅။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲဇယား "က" ပါ စည်းမျဉ်း အပိုဒ် ၇၁ တွင် ပေးအပ်ထားသော အထွေထွေအာဏာများကို မထိခိုက်စေဘဲ ဒါရိုက်တာများ သည် အောက်ဖော်ပြပါ အာဏာများရှိရမည်ဟု အတိအလင်း ထုတ်ဖော် ကြေညာသည်။ အာဏာဆိုသည်မှာ -

(၁) ဒါရိုက်တာများက သင့်တော်သည်ဟု ယူဆသော တန်ဖိုးနှင့် စည်းကမ်းများ၊ အခြေအနေများ သတ်မှတ်၍ ကုမ္ပဏီက ရယူရန် အာဏာရှိသည့် မည်သည့်ပစ္စည်း၊ အခွင့်အရေး၊ အခွင့်အာဏာများကို မဆို ဝယ်ယူရန်၊ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ရယူပိုင်ဆိုင်ရန်အပြင်၊ ကုမ္ပဏီက ပိုင်ဆိုင်ခွင့်ရှိသော မည်သည့်ပစ္စည်း အခွင့်အရေး၊ အခွင့်အလမ်းကိုမဆို သင့်တော်သော စည်းကမ်းချက်များသတ်မှတ်၍ ရောင်းခြင်း၊ အငှားချခြင်း၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရန်။

(၂) သင့်တော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် ငွေကြေးများကို ချေးငှားရန်၊ သို့မဟုတ် အဆိုပါ ချေးငှားသော ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် အာမခံများ ထားရှိရန်အပြင်၊ အထူးသဖြင့် ဒီဘင်ချာများ၊ ဒီဘင်ချာစတော့များ၊ ကုမ္ပဏီ၏ ခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ယခု လက်ရှိနှင့် နောင်ရှိမည့်ပစ္စည်းများအားလုံး၊သို့မဟုတ်တစ်စိတ်တစ်ဒေသကို အာမခံပြု၍ ထုတ်ဝေရန်။

(၉) ဤ ကုမ္ပဏီ၊ သို့မဟုတ် ဤကုမ္ပဏီ၏ အရာရှိများ၊ သို့မဟုတ် ဤကုမ္ပဏီ၏ အရေးအရာများနှင့် စပ်လျဉ်း၍ တရားဥပဒေအရ စွဲဆိုဆောင်ရွက်မှုများကို တရားစွဲဆို၊ အရေးယူ၊ ခုခံကာကွယ်ရန်၊ သို့မဟုတ် ခွင့်လွှတ်ရန်၊ ထို့ပြင် ဤ ကုမ္ပဏီက ရရန်ရှိသော ကြွေးမြီများကို တောင်းဆိုမှုများနှင့် ပတ်သက်၍ ပေးဆပ်ရန် အချိန်ကာလ ရွှေ့ဆိုင်းခွင့်ပြုခြင်း၊ သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူ ကြေအေးခြင်းများ ပြုလုပ်ရန်။

(၁၀) ဤကုမ္ပဏီက ပေးရန်ရှိသော၊ သို့မဟုတ် ရရန်ရှိသော ငွေတောင်းခံခြင်း များကို ဖြန်ဖြေရေး ခုံသမာဓိထံသို့ ဖြေရှင်းရန် အတွက် အပ်နှံရန်အပြင် ဖြန်ဖြေရေး ခုံသမာဓိ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၁) ဤကုမ္ပဏီက ရရှိရန်ရှိသော တောင်းဆိုချက်၊ တောင်းခံချက်များနှင့် ကုမ္ပဏီသို့ ပေးရန်ရှိသော ငွေကြေးများအတွက် ပြေစာများ ပြုလုပ်ထုတ်ပေးခြင်း၊ လျှော်ပစ်ခြင်းနှင့် အခြားသောနည်းဖြင့် စွန့်လွှတ်ခြင်းများကို ပြုလုပ်ရန်။

(၁၂) လူမွဲခံဝင်း ကြေညာခံရခြင်း၊ ကြွေးမြီများ မဆပ်နိုင်ခြင်း ကိစ္စများနှင့် ပတ်သက်၍ ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ရန်။

(၁၃) ငွေလွှဲစာတမ်းများ၊ ချက်လက်မှတ်များ၊ ဝန်ခံကတိစာချုပ်များ၊ ငွေရပြေစာများ၊ ထပ်ဆင့်လက်မှတ် ရေးထိုးခြင်းများ၊ လျှော်ပစ်ခြင်းများ၊ ကန်ထရိုက်စာချုပ်များနှင့် စာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား မည်သူက လက်မှတ်ရေးထိုးခွင့်ရှိသည်ကို စိစစ်သတ်မှတ်ရန်။

(၁၄) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက သင့်လျော်လျောက်ပတ်သောနည်းဖြင့် လတ်တလောအသုံးပြုရန် မလိုသေးသော ကုမ္ပဏီပိုင်ငွေများကို အာမခံပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ ရင်းနှီးမြှုပ်နှံ ထားရန်နှင့် စီမံခန့်ခွဲထားရန်။ ထို့ပြင် အချိန်ကာလ အားလျော်စွာ မြှုပ်နှံထားသောငွေကို ပြန်လည်ရယူရန်နှင့် ပြင်ဆင် ပြောင်းလွှဲရန်။

(၁၅) ဤကုမ္ပဏီ၏ အကျိုးအတွက် ကုမ္ပဏီ၏လက်ရှိနှင့် နောင်တွင်ရှိမည့် ပစ္စည်းများကို ဤကုမ္ပဏီ၏ အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ၊ ဒါရိုက်တာ၊ သို့မဟုတ် အခြားပုဂ္ဂိုလ်များ၏ ပေါင်နှံခြင်းကို သင့်တော်သည်ဟု ယူဆပါက ဆောင်ရွက်ခွင့်ပြုရန်။ အဆိုပါ ပေါင်နှံခြင်းဆိုရာ၌ ရောင်းချနိုင်သည့် အာဏာ၊ သဘောတူညီမှု အာဏာနှင့် အခြားအာဏာများ ပါဝင်သည်။

(၁၆) ဤကုမ္ပဏီက ခန့်အပ်ထားသော မည်သည့်အရာရှိ၊ သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို အတိအကျ ဖြစ်စေသော လုပ်ငန်း၊ သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက် ရရှိသော အမြတ်ငွေမှ ကော်မရှင်ပေးခြင်း၊ သို့မဟုတ် ကုမ္ပဏီ၏ အထွေထွေ အမြတ်အစွန်းမှ ခွဲဝေပေးခြင်းများ ပြုလုပ်ရန်နှင့် အဆိုပါ ကော်မရှင်များ အမြတ်များ ခွဲဝေပေးခြင်း စသည်တို့ကို ဤကုမ္ပဏီ၏လုပ်ငန်း ကုန်ကျစရိတ်အဖြစ် သတ်မှတ်ရန်။

(၁၇) ဤကုမ္ပဏီ၏အရာရှိများ၊ ဝန်ထမ်းများနှင့် ဧစုရှင်များအတွက် ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းချက်များ၊ စည်းကမ်းဥပဒေများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်။

F. 3